# ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲ ပေးနိုင်မည့်ကိစ္စ အသိပေးကြေညာခြင်း

၁။ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် အောက်ဖော်ပြပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၃-၁၁-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် လစ်လပ်မဲဆန္ဒနယ်/ မြို့နယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|---|
| (က) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (ခ) | လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (ဂ) | တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (ဃ) | မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) | မြစ်ကြီးနား |

| | **လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | **အကျုံးဝင်သော မြို့နယ်များ** |
|---|---|---|
| (က) | မတူပီမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) | မတူပီ |
| (ခ) | တမူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | တမူး |
| (ဂ) | အုတ်တွင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) | အုတ်တွင်း |
| (ဃ) | သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁) | သပိတ်ကျင်း |
| (င) | ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | ရသေ့တောင် |
| (စ) | မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | မင်းဘူး |

| | | |
|---|---|---|
| (ဆ) | ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) | ဆိပ်ကမ်း |
| (ဇ) | မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး တိုင်းဒေသကြီး တစ်ခုလုံး (ပြည်ထောင်စု နယ်မြေမှအပ) |

၂။ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် **သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ၁၅)** တွင် ဖြည့်စွက်၍ ပေးပို့ရမည်ဖြစ်ပါသဖြင့် ပုံစံ(၁၅)ကို သံရုံး၏ ဝက်ဘ်ဆိုဒ်၊ Facebook တို့တွင် Download ရယူနိုင်ပါကြောင်းနှင့် ကောင်စစ်ဌာနစိတ်တွင်လည်း ရယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၃။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများ (နိုင်ငံတော်မှ တရားဝင်ထုတ်ပေးထားသော သက်တမ်းရှိ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ) မှ ပုံစံ ၁၅ များ ဖြည့်စွက်ရာ၌ ပုံစံပါအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးနိုင်ပါရန် အထူးသဖြင့် တောင်းဆိုသူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်(အသက်)၊ ကျေးရွာ/ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

၄။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက် နိုင်ငံသားများမှ အဆိုပါ ပုံစံ ၁၅ များကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်၍ သက်တမ်းရှိသော မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ၊ အမြဲတမ်းနေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အီးလ်မေးလ် လိပ်စာများနှင့်အတူ စာတိုက်မှ မှတ်ပုံတင် (registered) ပြုလုပ်ပြီး မြန်မာသံရုံး၊ တိုကျိုမြို့သို့ ၉-၇-၂၀၁၈ ရက်(တနင်္လာနေ့)အရောက် ပြန်လည်ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

၅။ ထို့အပြင် ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်ပရောက် မြန်မာနိုင်ငံသားများမှ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် အချိန်မီ ဆန္ဒမဲပေးနိုင်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ ထပ်မံရရှိပါက သံရုံး၏ ဝက်ဘ်ဆိုဒ်နှင့် Facebook တို့တွင် တင်ပြ၍ ဆက်လက် အကြောင်းကြားသွားမည် ဖြစ်ပါကြောင်း တစ်ပါတည်း တင်ပြအပ် ပါသည်။

**မြန်မာသံရုံး၊ တိုကျိုမြို့**